## အခန်း(၄)
## အရိယာမဂ်၏သဘောသဘာဝ




**သုံးသပ်ချက်**

နိဗ္ဗာန်ဟူသည် ပုထုဇဉ်ဝေလ့အတိုင်း လိုရာကို လိုသလို ဖန်တီးအပ်၊ ပြုပြင်အပ်သောအရာမဟုတ်။ ကျင့်နေသောယောဂီသည် လောကီပုထုဇဉ်နယ်မှ မလွတ်သေးသ၍ ပုထုဇဉ်ဝေလ့များ၊ စရိုက်များ၊ ဗီဇများ၊ ကင်းမည်မဟုတ်သေးပေ။ နိဗ္ဗာန်ကိုလည်း တစ်ခါမှ မတွေ့ကြုံရသေးပေ။ ထို့ကြောင့် ပုထုဇဉ်လောကီနယ်မှ အရိယာလောကုတ္တရာနယ်သို့ ကူးပြောင်းရာတွင် ပုထုဇဉ်ဝေလ့အကျင့်ဖြင့် ကူးပြောင်းလို့မရ။ သင်္ခါရုပေက္ခာဉာဏ် အရင့်ပိုင်းသို့ရောက်နေသော ယောဂီသည် ပုထုဇဉ်အနွယ် ဝေလ့စရိုက် ဗီဇအကျင့်တို့ကို အရှုဉာဏ်၌ စွန့်ပယ်နိုင်ခြင်းသည်ပင်လျှင် အလိုလို လောကုတ္တရာနယ်(မဂ္ဂဝီထိအစဉ်)သို့ ကူးမြောက်ပြီးသား ဖြစ်သွားပါသည်။ လောကီမဂ္ဂင်(၅)ပါးမှ လောကုတ္တရာမဂ္ဂင်(၈)ပါးသို့ ဆိုက်ရောက်ပုံလည်း လျော်ညီရမည် ဖြစ်သည်။

**အနုလောမဉာဏ်**

အနုလောမဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မှ ရှုနေသော လောကီရုပ်နာမ်အာရုံကို လက္ခဏာ သုံးပါးဖြင့် မျှတညီညွတ်စွာ ရှုနေဆဲပင် ရှိသေးသည်။ ထိုသို့ ရှုနေသော်လည်း နာမ်ရုပ်တို့၏ ဖြစ်ပျက်သည် ဆုံးသည်ဟူ၍မရှိ။ ထိုနာမ်ရုပ်တို့သည် သဘာဝအလျောက် သူ့အလိုလို ဆောင်နေခြင်းမျှသာရှိသည်။ ဖြစ်ပျက်မှုမဆုံးပေ။ အရှုဉာဏ်သည် နာမ်ရုပ်တို့၏ ဖြစ်ပျက်အစဉ်ပေါ်၌ ရပ်နေဘိသကဲ့သို့ တည်ငြိမ်နေသည်။ ထိုသို့ ရှုနေရာမှ ဆင်ခြင်သောဉာဏ် ဤကဲ့သို့ ဖြစ်ပေါ်လာ၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ခန္ဓာ ရရှိပြီးကတည်းက ဖြစ်တည်ပျက် ဓမ္မသဘောအစဉ်ဖြစ်နေသည်။ ထိုဓမ္မကို မစွန့်သ၍ လွတ်မည်မထင်။ သို့သော်လည်း ထိုလောကီဓမ္မ အာရုံမှလည်း ပြောင်းညွတ်စရာမရှိ။ မိမိရှုခဲ့ရသည်မှာလည်း ပန်းလာသည်။ ပင်ပန်းလာသလောက် လိုရာနိဗ္ဗာန် ဆိုတာလည်း မသိရသေး။ လောကီနယ်မှလည်း မလွတ်သေး။ လွတ်ချင်၍ ရှုပြန်တော့လည်း လောကီနယ်ထဲပဲ ပြန်ရောက်၊ ထိုကဲ့သို့ ဆင်ခြင်ရာမှ သိချင်သေးတယ်၊ ရှုချင်သေးတယ်

ဆိုသော စေတနာပေါ်တိုင်း ရှုပြန်တော့လည်း လောကီနယ်မှ မလွတ်။ ဤကဲ့သို့ အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်၍ ရှုနေရာမှ ဤကဲ့သို့ ဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။ ငါတော့ နိဗ္ဗာန်ရောက်မှာ မဟုတ်တော့ပါဘူးဟူ၍ အားငယ်မာန်ချကာ အလိုဆန္ဒအားလုံးနှင့် လိုရာကို ပြုချင်သည့် စေတနာအားလုံး အပြီးအပိုင် စွန့်လိုက်တော့သည်။ ထိုအခါ ရှုချင်တယ်ဆိုတဲ့စိတ်၊ သိချင်တယ်ဆိုတဲ့စိတ်၊ လွတ်ချင်တယ်ဆိုတဲ့စိတ်၊ လွတ်ကြောင်းရှာချင်တဲ့စိတ်၊ မလွတ်ပါလားဆိုတဲ့စိတ်၊ ဘယ်လိုရှာရမလဲဆိုတဲ့စိတ် စသော လောကီစိတ္တသင်္ခါရ အားလုံး ချုပ်ဆုံးသွားကာ ဘဝင်အဆင့်ဆင့် ကျသွားသည်။ ထိုအခါ လောကီစိတ္တသင်္ခါရအားလုံး ချုပ်ငြိမ်းပြီးနေသောစိတ်သည် လောကီအာရုံများ ဖြစ်သည့် သင်္ခါရနိမိတ် အရိပ်နိမိတ်ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြုပြီးသားဖြစ်ကာ စိတ်သည် ပကတိ (ပိုင်ရှင်မရှိဘိသကဲ့သို့) ထီးထီးတည်နေသည်။ လောကီသင်္ခါရတို့ ချုပ်ခြင်းကိုအာရုံပြုမှု (သို့) နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကို အာရုံပြုမှုပင်တည်း။

လောကီပရမတ်အာရုံကို ပြုလိုသောဆန္ဒနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ဆန္ဒတို့ကို စွန့်လွှတ်နိုင်သဖြင့် ထိုစိတ်သည် အထူးစင်ကြယ်ပြီး နိဗ္ဗာန်ကို အာရုံပြုနိုင်ခြင်းဖြစ်သည်။

ထိုသို့ စွန့်လိုက်ရာတွင် နာမ်ရုပ်တို့ကို ရှုချင်တာလည်းမဟုတ်၊ မရှုချင်တာလည်း မဟုတ်၊ မသိချင်တာလည်း မဟုတ်၊ သိချင်တာလည်းမဟုတ်၊ လွတ်ချင်လို့ လွတ်တာလည်းမဟုတ်၊ လွတ်ကြောင်းတွေ့၍ လွတ်ရာသို့ ပြေးဝင်တာလည်းမဟုတ်၊ နာမ်ရုပ်တို့ကို ရှုလိုခြင်းကိုလည်းကောင်း၊ မရှုလိုခြင်းကိုလည်းကောင်း စွန့်လွှတ်လိုက်ခြင်း ဖြစ်သည်။ အလိုဆန္ဒအားလုံး အရှုဉာဏ်၌ ချုပ်ငြိမ်းသွားခြင်းဖြစ်သည်။ အရှုဉာဏ်စိတ်သည် တဏှာနှောင်ဖွဲ့မှုမှ တဒင်္ဂ လွတ်မြောက်သွားခြင်းဖြစ်သည်။

ဒီခန္ဓာအစုံကို တဏှာတည်ဆောက်ထားပြီး နေရာတကာ တဏှာဗိုလ်ကျနေသည်။ စိတ်သည် တဏှာမှ လွတ်ခွင့် မရခဲ့ပေ။ တဏှာကို သီလ သမာဓိတို့ဖြင့်လည်းကောင်း၊ ဝိပဿနာ ဉာဏ်အမြင်ဖြင့် လည်းကောင်း စိုးမိုးထားသည်။ သို့သော်လည်း အနုသယကိလေသာ အစုရှိနေသေးသည့်အတွက် မပယ်နိုင်သေးသည့် တဏှာက အရှုဉာဏ်နောက်မှာ ကပ်လိုက်နေသည်။ ပျက်တယ်ဟု အနိစ္စသညာ ပေးမှုကြောင့် ဒုက္ခသညာ ပြန်ကပ်ရသည်။ ပျက်တယ်ဆိုတော့ မသာယာပါ။ အတ္တဒိဋ္ဌိဖြင့် စိတ်ကို စိုးမိုးထားခဲ့သမျှ အနတ္တလက္ခဏာ ဉာဏ်အမြင်က အတ္တဒိဋ္ဌိအမြင်ကို အမြစ်က ဆွဲနုတ်သလို နုတ်နေတော့သည်။

အနတ္တအမြင်က အနှစ်မရှိ၊ မခိုင်မမြဲ၊ ရုပ်နာမ်တွင် ချမ်းသာမှု မရှိသဖြင့်လည်း ဆင်းရဲရပြန်သည်။ ထို့ကြောင့် အနိစ္စသညာသည် ဒုက္ခသညာကိုသာ ဖြစ်စေပြီး အနတ္တသညာကလည်း တဏှာကို ဒုက္ခသာ ပြန်ပေးပြန်သည်။ နိဗ္ဗာန်အာရုံသည် အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့မှ ဆိတ်သုဉ်းခြင်းဖြစ်သည်။ ရုပ်နာမ်သည် ဖြစ်ပျက် ဒုက္ခသစ္စာသက်သက်သာ ဖြစ်သည်။ ရုပ်နာမ်ကို အာရုံပြု၍ ထိုရုပ်နာမ်နှင့် သညာသုံးမျိုးသည် နိဗ္ဗာန်၏ အာရုံမဟုတ်၊ သင်္ခတဖြစ်ပျက် ပရမတ်နယ် ဖြစ်နေသည်။ နိဗ္ဗာန်သည် မဖြစ်မပျက် အသင်္ခတဖြစ်သည်။

ရုပ်နာမ်ကို လက္ခဏာသုံးချက် စွဲထားသမျှ သင်္ခတနယ်လည်း မလွတ်၊ ပညတ်သမုတိနယ်မှလည်း မလွတ်၊ ဒုက္ခနယ်မှာ ဒုက္ခသာခံစားနေရမည်။ ရုပ်နာမ်တည်းဟူသော သင်္ခတပရမတ်ကို မစွန့်သမျှ၊ စွန့်လွှတ်လိုမှု မရှိသမျှ အသင်္ခတ နိဗ္ဗာန်ကို အာရုံမပြုနိုင်။

ထို့ကြောင့် အရှုဉာဏ်စိတ်သည် ရုပ်နာမ်သင်္ခတ ဖြစ်ပျက်တို့ကို နှလုံးသွင်း ဆင်ခြင် သုံးသပ်မှု အမျိုးမျိုး စသည့် သင်္ခါရတရား အားလုံးကို စွန့်လွှတ်လိုက်ခြင်းဖြင့် အသင်္ခတဓာတ်ကို အာရုံပြုဖို့ အဆင်သင့် ဖြစ်နေပြီးဖြစ်သည်။ လောကီနယ်မှာ တဏှာစက်ကွင်း မလွတ်ခဲ့သမျှ ယခုတော့ လောကီမဂ်စိတ်က တဏှာကို နေရာမပေး တရစပ် နှိမ်နင်းတိုက်ခိုက်နေ၏။ ထိုအခါ မာန်ချ၍ ဒီရုပ်နာမ်ပျက်ကြီးမှာ စိုးမိုးအုပ်ချုပ်နေမှုကို စွန့်လွှတ်လိုက်ခြင်း ဖြစ်သည်။

**ဆင်ဖမ်းဥပမာဖြင့်နှိုင်းယှဉ်ခြင်း**

| | | |
|---|---|---|
| ၁။ | ဆင်ကြီး, ဆင်မနှင့်ကာမဂုဏ်ခံစားချင်တာလည်း စိတ် | = တဏှာအနုသယမကင်းသောဆန္ဒ |
| ၂။ | ဆင်ကြီး, ဆင်မ နောက်လိုက်ချင်တာလည်း စိတ် | = တဏှာအနုသယမကင်းသောဆန္ဒ |
| ၃။ | ဆင်ကြီး, ဆင်မ နောက်လိုက်နေတာလည်း စိတ် | = တဏှာအနုသယမကင်းသောဆန္ဒ |
| ၄။ | ဆင်ကြီး ကျုံးထဲဝင်ချင်တာလည်း စိတ် | = တဏှာအနုသယမကင်းသောဆန္ဒ |
| ၅။ | ဆင်ကြီး ကျုံးမှန်းမသိတာလည်း စိတ် | = အဝိဇ္ဇာ၊ မောဟ |

၆။ ဆင်ကြီး ကျံုးပိတ်ခံရ၍ ဆင်းရဲတာလည်း စိတ် = ဒေါသ၊ ပဋိဃာအနုသယ
၇။ ဆင်ကြီးက ဆင်မ ဖျားယောင်းပြီဟု သိလိုက်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၈။ ဆင်ကြီး ကျံုးကို ဘေးဆိုးကြီးဟု မြင်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၉။ ဆင်ကြီး ကျံုးကို ကြောက်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၀။ ဆင်ကြီး ကျံုးကို ဖျက်ဆီးတာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၁။ ဆင်ကြီးအစွယ်,နှာမောင်း,ကိုယ်ခန္ဓာအနာခံဖျက်ဆီးတာလည်းစိတ်=တဏှာအနုသယမကင်းသောဆန္ဒ
၁၂။ ဆင်ကြီး ခန္ဓာ၊အစွယ်၊နှာမောင်း နာခြင်းကို မကြည့်၊
ကျံုးပျက်ဖို့ ကျံုးဖန်တီးသူတို့ကိုသာ
ဒေါသ၊ လောဘ ဖြစ်နေတာလည်း စိတ် = ဒေါသ၊ ပဋိဃာအနုသယ
၁၃။ ဆင်ကြီးအားအင်ရှိသမျှ အစွမ်းကုန်ကြိုးစားဖျက်တာလည်းစိတ် = တဏှာအနုသယမကင်းသောဆန္ဒ
၁၄။ ဆင်ကြီးအစာငတ်၊ ရေပြတ်၊ ခန္ဓာအားအင်ကုန်ခမ်းပြီး
ကျံုးဖျက်၍မရတော့ပါလားဟူ၍
ကျံုးဖျက်ဖို့ စွန့်လွှတ်လိုက်တာလည်း စိတ် = တဏှာအနုသယမကင်းသောဆန္ဒ

တရားကျင့်သော ယောဂီ၏စိတ်သည် တောဆင်ရိုင်းကြီး၏ စိတ်နှင့်တူ၏။ ဆင်ရိုင်းတည်းဟူသော အမှန်ကိုမသိမှု မောဟဖုံးထားခြင်း၊ ချမ်းသာမှုကာမကို လိုချင်ခြင်း၊ ကောင်းသည်ထက် ကောင်းသည့် ကာမ ချမ်းသာကို တွေ့လျှင် ကြောက်ရွံ့မှုမရှိ အရှက်မရှိ ရအောင်ယူလိုခြင်း၊ ရသည့်ကာမဂုဏ်အတွက် အစွမ်းကုန် စွမ်းဆောင်ခြင်း၊ အမှားအမှန် အကြောင်းအကျိုးကို မသိခြင်း၊ လိုရာမရလျှင်လည်း သည်းမခံနိုင်ခြင်း၊ အမျက် ထွက်ခြင်း စသည့် ဝတ္ထုကာမ၊ ကိလေသာကာမ၊ ဘဝတဏှာ၊ ကာမတဏှာ၊ ဝိဘဝတဏှာတို့ကို လိုချင်သည်။ ရအောင်လည်းလုပ်သည်။ မရလျှင် ဒေါသဖြစ်သည်။ ရအောင်ဖန်တီးရာမှ အနစ်နာခံစရာရှိ အနစ်နာခံသည်။ ဖျက်ဆီးမှရမည်ဆိုလျှင် ဖျက်ဆီးသည်။

တရားကိုယ်ကောက်သော် ပုထုဇဉ်သည် လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို လုပ်ချင်သော စိတ်သာရှိသည်။ ထိုစိတ်သည် ချမ်းသာချင်သောစိတ်ပင် ဖြစ်သည်။ ချမ်းသာမည်ဆိုလျှင် ဘယ်အရာမဆို ပြုလုပ်ရဲသည်။ အနစ်နာခံ၍ရမည်ဆိုလျှင် အနစ်နာခံ၍ မိမိချမ်းသာရအောင် ယူသည်။ သူတပါးအား ဖျက်ဆီးမှ မိမိချမ်းသာ ရမည်ဆိုလျှင်လည်း သူတပါးချမ်းသာကို ဖျက်ဆီးယူသည်။ လိုတာမရလျှင် ဒေါသ အမျက်ထွက်သည်။ မိမိချမ်းသာကို အနှောင့်အယှက်ပေးသည့် အရာမှန်သမျှ တော်လှန်တိုက်ခိုက် ဖျက်ဆီးပြီး မိမိချမ်းသာကိုသာ ရအောင်ယူသည်။ သေမှသာ သေရော၊ ရှင်သည့် အချိန်အထိ ချမ်းသာမှုရအောင် ယူတတ်ကြသည်။

အားလုံးစာရင်းပြန်ချုပ်ပြလျှင် ချမ်းသာလိုမှု တစ်ခုတည်းသာ သတ္တဝါတို့၏ စိတ်၌ တည်နေကြတယ်လို့ အဖြေထုတ်ရသည်။ ထို့ကြောင့် ချမ်းသာမည်ဆိုလျှင် လိုချင်သည်။ ပို၍ချမ်းသာမှုရှိလျှင် ပို၍လိုချင်သည်။ အချမ်းသာဆုံးအရာကို လိုချင်မှု အရှိဆုံးပင်ဖြစ်သည်။

ထို့ကြောင့် တရားကျင့်သောယောဂီ၏ စိတ်သည် လောကချမ်းသာ အမျိုးမျိုးကို ခံစားမှုဖြင့် သံသရာ လည်ပတ်ခဲ့ရာ ဘုရားပွင့်သော အချိန်၌ လူဖြစ်၍ ဘုရားပွင့်သည့်အခါနှင့် ကြုံသောအခါ ဗုဒ္ဓဘာသာဝင် မိဘများက ဆင်းသက်လာသော လောကချမ်းသာသည် မမြဲဘူး၊ အစိုးမရဘူး၊ မခိုင်မာဘူး၊ အနှစ်မရှိဘူး စသော အသိအမြင်တွေ ကြားရသိရတော့ ဆန်းစစ်ကြည့်သည်။

မှန်သည် မမြဲဘူး၊ ရန်သူမျိုးငါးပါး မကင်းဘူး၊ ဒီခန္ဓာကလည်း မမြဲဘူး၊ မခိုင်မာဘူး၊ အနှစ်မရှိဘူး၊ အိုရ, နာရ, သေရခြင်း ဆင်းရဲတွေသာ ရှိသည်။ ခံစားရမည့်ခန္ဓာမှာ မချမ်းသာ, မမြဲ, အစိုးမရ, ဒုက္ခဖြစ်ပြီး ခံစားစရာ ဝတ္ထုကာမတို့လည်း ထိုနည်းတူစွာသာလျှင် ဖြစ်စေသည်ဟု ကြားရ, နာရ, သိရတော့ မြဲတဲ့ချမ်းသာ၊ ခိုင်မာတဲ့ချမ်းသာ၊ အနှစ်ရှိတဲ့ချမ်းသာ နိဗ္ဗာန်ဆိုပြီး ချမ်းသာအစစ်ကို ဟောကြား၍ နာရတော့ ထိုမြဲတဲ့ချမ်းသာကို လိုချင်သော ဆန္ဒဖြစ်ပေါ်လာသည်။ ထိုဆန္ဒနှင့်ပင် အရင်းခံ၍ တရားအားထုတ်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ထိုဆန္ဒသည်ပင်လျှင် နိဗ္ဗာန်ကိုမမြင်အောင် ကာဆီးထားသလို ဖြစ်နေသည်။ ဆန္ဒကြီးနေခြင်းသည် မာန် ဖြစ်နေသည်။ ထို့ကြောင့် ဆန္ဒကို စွန့်လွှတ်လိုက်သဖြင့် မာန်ပါကျသွားကာ လောကီသင်္ခါရ စိတ်ဇောအလျင် ပြတ်သွားသဖြင့် ဘဝင် အဆင့်ဆင့်ကျကာ ငြိမ်းသွားသည်။ လောကီစိတ်များ အားလုံး ချုပ်ငြိမ်းသွားသည်။ ထို့ကြောင့် စိတ်သည် လောကီသင်္ခါရတရားများမှ လွတ်မြောက်သွားပြီး သင်္ခါရချုပ်ရာ နိဗ္ဗာန်ကို အလိုလို အာရုံပြုပြီးသား ဖြစ်နေသည်။

လောကီအရှုဉာဏ်စိတ်သည် ဖြစ်ပျက်နေသော လောကီအာရုံမှ စွန့်၍ ဖြစ်ပျက်ချုပ်ရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းသဘောကို မြတ်စွာဘုရားရှင်သည် အောက်ပါဒေသနာတော်အတိုင်း ဟောကြားထားသည်။

## ၄၊၂။ မဂ်ကူးပုံ(သို့) မဂ်ကိစ္စဆောင်ရွက်ပုံ

ထိုသမာဓိသည် ပကတိထီးထီး အလိုလိုတည်နေစဉ် အာရုံတစ်ခုခုကခန္ဓာကိုယ်ကို လာတိုက်ခိုက်သည် ရှိသော် နာမ်ရုပ်တို့ပေါ်လာမည်။ **ဥပါဒါနက္ခန္ဓာ အဗျာကတစိတ်စေတသိက်ရုပ်တည်းဟူသော လောကီခန္ဓာ**တို့ ပေါ်မြဲ ဓမ္မတာအတိုင်း နာမ်ရုပ်အစဉ် ဖြစ်ပေါ်စဉ် ထိုနာမ်ရုပ်တို့ အပေါ်၌ ငါပဲ ငါ့ပစ္စည်းပဲဟု စွဲမည့် ဥပါဒါန်နှင့်တကွဖြစ်သော ဥပါဒါနက္ခန္ဓာ တဏှာ လျင်မြန်စွာ ပေါ်လာသည်။ **ထိုတဏှာသည် သမာဓိစိတ်ကို လာရောက်ဝင်ပူးဆွဲခြင်းကို မဂ်သမာဓိစိတ်က လှည့်မြင်လိုက်သဖြင့်** တဏှာသည် စိတ်ကို ကိုက်ခဲစွဲခွင့် ပူးခွင့်ကပ်ခွင့်မရပဲ ချုပ်သွားသည် (သောတာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကိုအာရုံပြုသည်)။ ၎င်းကို မဂ် ပယ်သတ်သည်၊ မဂ်ကိစ္စ ဆောင်ရွက်သည်၊ မဂ်ကူးသည် ဟုခေါ်သည်။ တဏှာသည် စိတ်ကိုဝင်စီးပူးပြီးမှ ခန္ဓာကိုယ်ကို ငါပဲ, ငါ့ဥစ္စာပဲ, ငါ့ခန္ဓာပဲဟူ၍ ကောင်းမကောင်း အာရုံအမျိုးမျိုး ခံစားသည်။ တဏှာ စင်ကြယ်နေသောစိတ် တသံသရာလုံး မရရှိခဲ့သမျှ (သို့) စိတ်ဖြစ်တိုင်း တဏှာ မကင်းခဲ့သမျှ **ယခုတော့ မဂ်ဉာဏ်က တဏှာကို ဒိဋ္ဌမြင်လိုက်ရသည်**။ ထိုအခါ ဘဝင်အဆင့်ဆင့် ပြန်ကျသွားသည်။ စိတ်သည် ဘဝင်၌ငြိမ်းနေသည်။

ထိုအချိန်၌ တည်သောစိတ်သည် လောကီပညတ်နှင့်ယှဉ်သော သညာမှ လွတ်မြောက်ပြီဖြစ်သည်။ ထိုသဘောကို မြတ်စွာဘုရားရှင်သည် အောက်ပါဒေသနာအတိုင်း ဟောကြားထားသည်။

> ၂၁၄။ ရာဂကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် **တပ်မက်ဖွယ်အားဖြင့်ဖြစ်သော** သညာမှ လွတ်သောကြောင့် သညာဝိမောက္ခ မည်၏။[၁]

အထက်ပါ မဂ်ကိစ္စဆောင်ရွက်ပုံ၏ အချင်းအရာသဘောတို့ကို မြတ်စွာဘုရားရှင်သည် အောက်ပါ ဒေသနာတော်အတိုင်း ဟောကြားထားသည်။

> ၆၁။ **သောတာပတ္တိမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်တတ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှလည်း၎င်း ထ၏၊ အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်းထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။**[၂]

**အနေကဇာတိသံသာရံ -- ပ -- တဏှာနံ ခယမဇ္ဈဂါ။**

ထိုပါဠိတော်မှ **“ဂဟကာရက ဒိဋ္ဌောသိ”**[၃] ဟူသည် ခန္ဓာအိမ်ကို ဆောက်လုပ်သော တဏှာကို မြင်ပြီ။ ထိုပါဠိတော်အရ အနုသယအားဖြင့် ကိန်းနေသောတဏှာကို အရိယာမဂ်ဉာဏ်ဖြင့်သာ မြင်နိုင်သည်။ လူ့ဘုံတည်းဟူသော သုဂတိဘုံနှင့် အပါယ်လေးဘုံ ခန္ဓာကို ဆက်စပ်ပေးမည့် ဝါနတဏှာကို အကြွင်းမဲ့ ပယ်သတ်လိုက်ခြင်း ဖြစ်သည် (သောတာပတ္တိမဂ်)။

သမ္မာဒိဋ္ဌိစေတသိက် (ပညိန္ဒြေစေတသိက်)သည် ခန္ဓာ၌ တစ်မျိုးတည်းသာ ရှိသည်။ ထိုသမ္မာဒိဋ္ဌိသည် ကျင့်ဆဲ၌ လောကီခန္ဓာကို အာရုံပြုသည်။ လောကုတ္တရာမဂ်ကူးခါနီးတွင် တဏှာကိုမြင်သည်။ မဂ်ကူးပြီးသောအခါ နိဗ္ဗာန်ကိုမြင်သည်။ **လောကီကို မြင်သောအခါတွင် လောကီမဂ်ဟုခေါ်၍ နိဗ္ဗာန်ကို မြင်သောအခါ လောကုတ္တရာမဂ်ဟု ခေါ်သည်။**

**သစ္စာလေးပါးမြင်ပုံ**

[၁] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန် ၁–မဟာဝဂ် ၅–ဝိမောက္ခကထာ၊ အကျယ်ပြခြင်း နှာ–၂၆၃

[၂] ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန် ၁–မဟာဝဂ် ၁– ဉာဏကထာ၊ ၁၁–မဂ်ဉာဏ်အကျယ်ပြခြင်း နှာ–၈၈

[၃] ဓမ္မပဒပါဠိ ၁၁–ဇရာဝဂ္ဂေါ–၁၅၃–၁၅၄

မဂ်ကူးပြီးသည်နှင့်တပြိုင်တည်း မဂ်ကူးပြီဟူ၍ သိလိုက်သည်။ လောကီဖြစ်ပျက်အစဉ်ခန္ဓာအစု (ဒုက္ခသစ္စာ)ကိုလည်း မြင်၏။ စိတ်ကိုလာ၍ နှောင်ဖွဲ့သော တဏှာ(သမုဒယသစ္စာ)ကိုလည်း မြင်၏။ တဏှာကို ပယ်လိုက်မှုကိုလည်း သိ၏။ တဏှာချုပ်သွားသည်ကိုလည်း သိလိုက်၏။ တဏှာချုပ်မှု(နိရောဓသစ္စာ)ကိုလည်း မျက်မှောက်ပြု သိလိုက်၏။ တဏှာချုပ်ကြောင်း(မဂ္ဂသစ္စာ)ကိုလည်း သိလိုက်၏။

လောကီခန္ဓာငါးပါးသည် **ဒုက္ခသစ္စာ**

ခန္ဓာအိမ်ကို နှောင်ဖွဲ့လာသော တဏှာသည် **သမုဒယသစ္စာ**

တဏှာနှင့်တကွ လောကီခန္ဓာငါးပါး ချုပ်ရာသည် **နိရောဓသစ္စာ**

မဂ်သမာဓိနှင့်တကွ တဏှာကိုမြင်သောဉာဏ်သည် **မဂ္ဂသစ္စာ**

ဤကဲ့သို့ သစ္စာလေးပါး တပြိုင်တည်းမြင်သောဉာဏ် ပေါ်လာသည်။

**ပုဗ္ဗဘာဂမဂ်နှင့် အရိယာမဂ်၏သဘော**

**မဂ်ဟူသည် အမှန်အရှိသဘောကို မြင်မှုဖြစ်သည်။ တရားစကျင့်ရာမှ ဂေါတြဘူမတိုင်မီအထိကို လောကီပုဗ္ဗဘာဂမဂ်ဟု ခေါ်၍ ဂေါတြဘူမှ နိဗ္ဗာန်ကို အာရုံပြုသည့်အထိကို အရိယာမဂ်ဟု ခေါ်သည်။ ဝိပဿနာယာနိကကျင့်စဉ်၌ အမှန်မြင်တတ်သော ပညာစေတသိက်(သမ္မာဒိဋ္ဌိ)သည် တဏှာကို ပယ်လျက် စင်ကြယ်သော လောကီခန္ဓာ ငါးပါးကိုမြင်သည်။ သမထယာနိကတွင် အမှန်မြင်တတ်သော ပညာစေတသိက် (သမ္မာဒိဋ္ဌိ)ကို ဖုံးကွယ်ထားသည့် မောဟနှင့် တဏှာကို ဈာန်ဖြင့်ပယ်ခွာ၍ လောကီခန္ဓာငါးပါးကို ပညာစေတသိက် (သမ္မာဒိဋ္ဌိ)က မြင်သည်။**

**အရိယာမဂ်သမ္မာဒိဋ္ဌိသည် တဏှာကို မြင်ပြီး တဏှာ(အပါယ်ဒုဂ္ဂတိခန္ဓာနှင့် ဆက်စပ်တတ်သော ဝါနတဏှာ)ကို ပယ်သတ်လျက် နိဗ္ဗာန်ကိုမြင်သည်။**

**၄၊၃။ ဖိုလ်ဇောရောက်ပုံ**

တဖန်ဘဝင် နှစ်ချက် သုံးချက် ပြန်ကျသွားပြီး ဟဒယဝတ္ထု၌ စိတ်သည် ငြိမ်ကျသွားပြီး အေးငြိမ်းစွာ တည်နေတော့သည်။ ဘဝင်နများ တလုပ်လုပ်ဖြစ်နေသည်။ ပြန်ဆင်ခြင်သည်။

အရှိပရမတ် ရုပ်နာမ်တို့အပေါ်တွင် သဟိတ်မနောဝိညာဏ်သည် အရှိကိုအရှိအတိုင်း၊ ဓမ္မကို ဓမ္မအတိုင်း မသိမြင်ခဲ့သည့် အတွက်ကြောင့် ငါပဲ ငါ့ခန္ဓာကိုယ်ပဲဟု မှားယွင်းစွာ စွဲလမ်းခဲ့မိခြင်းကြောင့် ပြင်ပအာရုံ၌သော်လည်းကောင်း၊ အတွင်းခန္ဓာ အာရုံတို့အပေါ်၌လည်းကောင်း၊ လိုလျှင်လောဘ မလိုလျှင် ဒေါသစသော အကုသိုလ်တရားများ ပေါက်ဖွားခဲ့ရသည်။ ထိုတဏှာ အကြောင်းတရားကြောင့် ပြုလုပ်မှုသင်္ခါရ အကြောင်းတရားများ ဖြစ်ခဲ့ရသည်။ ထိုတဏှာသင်္ခါရတို့ကြောင့် ဒုက္ခအကျိုးတရားများသာ ရခဲ့သည်။ စိတ်၌ ကိလေသာ မီးတောက်ရသည်။ ထိုမီးတောက်ရာ အကြောင်းရင်းဖြစ်သော နာမ်ရုပ်တို့၏ အရှိသဘောကို အမြင်မှန်သိအောင် ရှုပွားနိုင်ခဲ့ခြင်းကြောင့် နာမ်ရုပ်တို့အပေါ် အမှန်မြင်ခဲ့ပြီး တဏှာနှောင်ဖွဲ့မှု ကင်းကာ တဏှာ၏ ရက်စက်မှုမှ ငြိမ်းခဲ့ရသည်။ တဏှာသည် နာမ်ရုပ်ပေါ်တိုင်း လွတ်ခွင့်မပေးပဲ အုပ်ချုပ်ခဲ့လေသမျှ ယခုတော့ ထိုတဏှာအကြောင်း သိခဲ့ရသည်။ တဏှာကို တော်လှန်နိုင်ခဲ့ပြီ (ဖိုလ်စိတ်၌တည်လျက်)။

ဤကဲ့သို့အားဖြင့် ဒုက္ခရကြောင်း(သမုဒယသစ္စာ)၊ ဒုက္ခရရှိမှု (ဒုက္ခသစ္စာ)၊ ဒုက္ခချုပ်ပုံ(နိရောဓသစ္စာ)၊ ဒုက္ခချုပ်ကြောင်း (မဂ္ဂသစ္စာ) မျက်မှောက်ပြုနိုင်မှု စသည့် သစ္စာလေးချက်ကို အပြန်အလှန်ဆင်ခြင်သည်။

ဤသောတာပတ္တိမဂ် အပိုင်းအခြားထိ ရောက်ရှိသော စင်ကြယ်မှုသည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

**ဆန္ဒချုပ်ပုံကို ပေပင်ဥပမာဖြင့် နှိုင်းယှဉ်ပြခြင်း**

ပေပင်သည် သက်တမ်းကုန်ဆုံးသောအခါ အပွင့်အသီးများ သီးလာပြီး ကြွေကျပြီးသည့်နောက် အရွက်အလက်များ ထပ်ထွက်မလာတော့ပဲ တဖြည်းဖြည်း သူ့အလိုလို ပင်စည်ခြောက်၍ အပင်သေသွားသည်။ ထိုပေပင်သေရန်အတွက် အခြားမည်သည့် အကြောင်းကမှ ဖန်တီးစရာမလို၊ အသီးသီးပြီးသည်နှင့် သေခြင်းသဘော အလိုလိုဆောင်သည်။ အပွင့်အသီးများသည် ပေပင်မှဖြစ်၍ အပွင့်အသီး သီးပြီးသောအခါ ပေပင်သည် အလိုလို ရေမြေစသော အာဟာရများကို မစုပ်ယူတော့သဖြင့် အလိုလိုအားပြတ်ပြီး သေခြင်းဖြစ်သည်။

ခန္ဓာဆောက်တည်တာလည်း တဏှာ၊ ခန္ဓာတည်ဆောက်ရာတွင် ဆန္ဒနှင့်လောကီမဂ်ထိုက်သော စေတသိက်တည်းဟူသော ဓာတ်ကိန်းလာခဲ့သည်။ ခန္ဓာဆုံးကြောင်း ကျင့်ချင်တာလည်းတဏှာ၊ မွေးသောဆန္ဒ ခန္ဓာဆုံးကြောင်း ကျင့်သောလောကီမဂ္ဂင်ရှစ်ပါးမှာလည်း တဏှာမွေးခဲ့သော စေတသိက်များသာဖြစ်သည်။ ခန္ဓာ၏ဒုက္ခအမျိုးမျိုးနှင့် မမြဲမှု, အနှစ်မရှိမှု, ထိုခန္ဓာကိုလည်း ငါမဟုတ်၊ ငါ့ခန္ဓာကိုယ် မဟုတ်မှန်းသိ၍ စွန့်တာကလည်း တဏှာမွေးသော ဆန္ဒသာလျှင်ဖြစ်သည်။ ခန္ဓာချုပ်ကြောင်း (သို့) ဒုက္ခချုပ်ကြောင်း သင်္ခါရ (လောကုတ္တရာမဂ်) ဖြစ်ပေါ်အောင် ဖန်တီးဘိသကဲ့သို့ ဆောင်တာလည်း တဏှာမွေးသော လောကုတ္တရာ မဂ္ဂင်ထိုက်သော စေတသိက်များပင်ဖြစ်သည်။ တဏှာသည် ပေပင်နှင့်တူသည်။ ဆန္ဒသည် ပေဖူးနှင့်တူသည်။ လောကီမဂ္ဂင်ထိုက်သော စေတသိက်နှင့် လောကုတ္တရာမဂ်ထိုက်သော စေတသိက်တို့သည် ပေသီးနှင့်တူသည်။

ဖန်တီးဘိသကဲ့သို့ ရောက်ရှိသွားသော လောကုတ္တရာမဂ်သည် ပေပင်မှ ပေဖူး အသီးအပွင့် ဖန်တီးတာနှင့်တူသည်။ သို့အတွက်ကြောင့် ပေဖူးပေသီးနှင့်တူသည့် လောကုတ္တရာမဂ်စိတ်က တဏှာကို ခန္ဓာမှ ကပ်ခွင့်မပေးတော့သဖြင့် လောကုတ္တရာမဂ်စိတ်သည် တဏှာသတ်သော လက်နက်ပြန်ဖြစ်သွားသည်။ လောကုတ္တရာမဂ်စိတ်သည် တဏှာ, မာန, ဒိဋ္ဌိကင်းသော မဂ်စိတ်ဖြစ်၍ ထိုမဂ်ပယ်မှုကို သံသရာ ဖြတ်ကြောင်းမဂ်(သို့) လောကုတ္တရာမဂ် ဖြစ်သည်။ ပုထုဇဉ်အနွယ်ကို ဖြတ်သည်။

## ၄၊၄။ ဖိုလ်မှန္တာပုံ

အားရသလောက် ဖိုလ်စိတ်၌ အပန်းဖြေ၍ ငြိမ်းနေပြီး ထိုဖိုလ်မှန္တာ၍ မူလဗ္ဗင်္ဂရိယာပုထ်မှ စွန့်ကာ ထမည်ဟူ၍ မတ်တတ်ရပ်လိုက်သည်။ ထိုမတ်တတ်ရပ်မှု ဖြစ်ပေါ်လာသော သဘောတွင် ငါမရှိ, ငါမထ, ငါပြုလုပ်တာ မဟုတ်ပဲ စက်ရုပ်ကြီးသဖွယ် သူ့အလိုလို တွန်းမ,လာသော သဘောဆောင်လာသည်ကို လွတ်လွတ်ကြီး မြင်နေရသည်။ (စိတ္တသင်္ခါရ စိတ္တဇဝါယောနှင့် ကာယသင်္ခါရ ကမ္မဇဝါယော၏ အမူအရာ) ဆက်လက်၍ လှမ်းခြင်း, ကြွခြင်း ဆောင်နေသော်လည်း အဗျာကတသက်သက် ဖြစ်နေမှုကို သိနေပြီး ငါလှမ်းတယ်, ငါကြွတယ်ဟူ၍လည်းမရှိ။ လှမ်းမှု, ကြွမှု သဘောသာ ရှိနေသည်။ ဝင်လေ, ထွက်လေ ဆောင်မှု သဘောကိုလည်း အိပ်ပျော်နေသော လူတစ်ယောက် အသက်ရှူနေသည်ကို မိမိဘေးမှ ထိုင်ကြည့်နေရ ဘိသကဲ့သို့ မိမိခန္ဓာကိုယ်အား ပြန်မြင်နေသည်။ ထိုဝင်လေထွက်လေ ရှူရှိုက်နေမှု အပေါ်၌ ငါဟူ၍ စွဲကပ်ယူလို့မရပဲ သူ့အလိုလို လွတ်လွတ်ကြီး ရှူနေသည့် သဘောကိုသာ မြင်နေသည်။

မျက်တောင်ခတ်မှုကို ကြည့်ရာ၌လည်း မိမိနှင့် မဆိုင်ပဲ သူတပါး မျက်တောင်ခတ်နေသည်ကို ကြည့်နေရဘိသကဲ့သို့ လွတ်လွတ်ကြီးဖြစ်နေသည်။ ထမင်းစားရာ၌လည်း ထမင်းနယ်မှု, ဟင်းခတ်မှု, ပါးစပ်ထဲသို့ ထည့်မှု, ဝါးမှု, စားမှု, မျိုချမှု စသည့် ကာယသင်္ခါရတို့၌ ငါမရှိ, ငါလုပ်တာ မဟုတ်ပဲ စိတ်စေတနာ နှိုးဆော်ရာ ရုပ်ကြီးလုပ်နေသည့် သဘောပင်ဖြစ်သည်။ နွားပိုင်ရှင်က နဖားကြိုးဆွဲရာ နွားလိုက်နေဘိသကဲ့သို့ ဖြစ်နေသည်။

ဤကဲ့သို့အားဖြင့် သောတာပတ္တိမဂ် ကူးပြီးသော ပုဂ္ဂိုလ်တို့သည် မဂ်ကူးပြီးသည်နှင့် တပြိုင်နက် စိတ္တသင်္ခါရ စိတ္တဇဝါယော၊ ကာယသင်္ခါရ ကမ္မဇဝါယောတို့၏ ပစ္စုပ္ပန် သဘောဆောင်မှုတို့အပေါ်၌ ကာလဝိမုတ္တိ အကျိုးရရှိသည်။ ဘယ်သောအခါမှ ပြောင်းလဲခြင်းမရှိ၊ ပျက်စီးခြင်းမရှိပါ။ စိတ်စေတနာတို့ အပေါ်၌ ပစ္စုပ္ပန် ကာလဝိမုတ္တိဖြစ်ရန် ကျန်သုံးမဂ်တို့က တဏှာကိုပယ်ဖို့ ဆက်လက်ကျင့်ရမည်။ အကြောင်းချုပ်တိုင်း အကျိုးချုပ်သည်။ သူ့မဂ်နှင့်သူ အကြောင်းတရားတွေချုပ်တိုင်း အကျိုးတရားတွေချုပ်သည်။ အကျိုးတရား ချုပ်မှုကြောင့် ချမ်းသာမှု၊ လွတ်လပ်မှုရသည်။ သောတာပတ္တိမဂ်သည် ကာယသင်္ခါရ၏ သဘောဆောင်မှု၌ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကို ပယ်သည်။ ထိုဒိဋ္ဌိအကြောင်း ငြိမ်းသဖြင့် ထိုဒိဋ္ဌိကြောင့် ဆင်းရဲမှုချုပ်သည်။ ဆင်းရဲမှုချုပ်ခြင်းသည်ပင်လျှင် အကျိုးတရား ချမ်းသာမှုရသည်။

**လောကုတ္တရာမဂ်(သို့) အရိယာမဂ်သမာဓိ၏ဂုဏ်**

**ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊**
**သမာဓိ မာနန္တရိကညမာဟု။**
**သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊**
**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊**

### ဧတေန သစ္စေန သုဝတ္ထိ ဟောတု။[၄]

ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်သည်။ သုစိံ၊ ကိလေသာကင်း အလွန်သန့်ရှင်းစင်ကြယ်သော။ ယံ သမာဓိံ၊ အကြင်အရိယာမဂ်သမာဓိကို။ ပရိဝဏ္ဏယီ၊ အနည်းနည်းထုတ်ဖော် ချီးကျူးတော်မူခဲ့ပြီ။ သမာဓိံ၊ အကြင်အရိယာမဂ်သမာဓိကိုပင်။ အာနန္တရိကံ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်သည့် အာနန္တရိကသမာဓိ ဟူ၍လည်း။ အာဟု၊ ဘုရားအဆူဆူ မိန့်တော်မူကုန်ပြီ။ တေန သမာဓိနာ၊ ထိုအရိယာမဂ်သမာဓိနှင့်။ သမော၊ တူညီသောသမာဓိမျိုးကား။ န ဝိဇ္ဇတိ၊ မရှိတော့ပေ။ ဓမ္မေ၊ အရိယမဂ်တရားတော်၌။ ဣဒမ္ပိရတနံ၊ ဤရတနာ၏ အဖြစ်နှစ်သက်ဖွယ်ကောင်း ဂုဏ်တော်အပေါင်းသည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။[၅]

အကြင်သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်မကူးမီ ရေးအဖို့၌ ရရှိသောသမာဓိသည် အရဟတ္တမဂ်နှင့်တူသည်[၆]ဟု ဖွင့်ဆိုထားသည်။

### မဂ်ကူးပုံ နှင့် ကိလေသာကြွေးကျန်

**မှတ်ချက်။** ။ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ရာတွင် သဘောကို ဉာဏ်အားဖြင့်သာသိရသည်။ ထို့ကြောင့် ထိုဉာဏ်၏သဘောကို ဥပမာအားဖြင့်သာ တင်ပြနိုင်မည်။ တဆက်တည်းလို ဖြစ်နေ၍ မဂ်ကူးပုံနှင့်တကွ ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပုံပါ တပေါင်းတည်း ရေးသားတင်ပြပါမည်။

### သူခိုးဖမ်းဥပမာ

လူပျိုကြီးတစ်ယောက်သည် ရပ်ကွက်တစ်ခုအတွင်းမှ အိမ်ငှား၍ မြို့တွင်း၌ အလုပ်ဆင်းနေသည် ဆိုပါစို့။ အိမ်တံခါးပိတ်၍ နေ့စဉ်အလုပ်ဆင်းနေသည်မှာ ကြာလာခဲ့ပြီ။ တစ်နေ့၌ အလုပ်မှ အိမ်ပြန်လာသောအခါ ပစ္စည်းတချို့ပျောက်နေသည်ကို စစ်ဆေးမိသည်။ ထိုအခါ သူခိုးပေါ်၌ မကျေမနပ်ဖြစ်ကာ သူခိုးဖမ်းချင်စိတ်ဖြစ်လာသည်။ သူခိုး မည်သူမည်ဝါ ဆိုတာလည်း အလွန်သိချင်သည်။ အကြံတစ်ခု ရလိုက်သည်။ အိမ်ရှင် မရှိတုန်း သူခိုးဝင်သည်ဖြစ်၍ အိမ်ရှင်မရှိချင်ယောင်ဆောင်ပြီး အိမ်တွင်း၌ တိတ်တဆိတ်နေကာ သူခိုးဖမ်းဖို့ ဆုံးဖြတ်လိုက်သည်။

သူခိုးကလည်း အိမ်ရှင်ကို အကဲမခတ်ပဲ အိမ်ရှင်မရှိဘူး အထင်ဖြင့် ဝင်နေကျနေရာမှ အိမ်တွင်းသို့ တိုးဝင်လိုက်သည်။ အိမ်ရှင်ကလည်း သူခိုးဖမ်းချင်ဇော အားကြီးကာ သူခိုးပစ္စည်းမယူမီ သူခိုး အိမ်တွင်းသို့ ဝင်ဝင်ချင်း ပြေးဖမ်းလိုက်သည်။ သူခိုးကလည်း အိမ်ရှင်ထွက်လာသည်နှင့် တပြိုင်တည်း လျင်မြန်စွာခုန်ချ ထွက်ပြေးသွားသည်။ ထိုသူခိုးသည် ရပ်ကွက်အတွင်းမှ မောင်နီဖြစ်ကြောင်း သေချာစွာသိလိုက်သည်။ အိမ်ရှင်ကလည်း သူခိုးကိုသိသည်။ သူခိုးကလည်း အိမ်ရှင် သိသွားပြီမှန်းသိသည်။

သူခိုးဖမ်းရာ၌ သူခိုးကို အိမ်ထဲ၌ ခိုးရာပါ ပစ္စည်းနှင့်အတူ ဖမ်းမိနိုင်အောင် အိမ်ရှင်က မစောင့်ဆိုင်းနိုင်ပဲ သူခိုးဖမ်းလိုသော ဆန္ဒစောမှုကြောင့် ထိုသူခိုးအား ရုံးတင် အမှုဖွင့်နိုင်ခွင့် မရှိခဲ့ပေ။ သူခိုးကလည်း လူလစ်လျှင် ခိုးနေဦးမည်။ သူခိုးကလည်း အိမ်ရှင်ကို အကဲခတ် စုံစမ်းသည်။ အိမ်ရှင်ကလည်း သူခိုးကို အလစ်မပေး၊ သူခိုးအား လက်ပူးလက်ကြပ် ဖမ်းမိဖို့ ကြွေးကျန်နေသည်။

လောကီသင်္ခါရကို စွန့်လွှတ်ပြီးသောစိတ်(မဂ်သမာဓိ)သည် အိမ်ရှင်နှင့်တူ၏။ သူခိုးသည် တဏှာနှင့် တူ၏။ သူခိုးကို အိမ်ရှင်မြင်ပုံသည် မဂ်ကူးပုံနှင့်တူ၏။ သူခိုးကို လက်ရဖမ်းမိဖို့ အားထုတ်မှု ကျန်နေ သေးခြင်းသည် တဏှာကို အကြွင်းမဲ့ပယ်သတ်ရန် ကြွေးကျန်နှင့်တူ၏။

ရုပ်နာမ်တို့ကို ဝိပဿနာရှုစဉ်က ခန္ဓာဖြစ်ကြောင်း ဒုက္ခဖြစ်ကြောင်း (၁၁)ပါးမီးတောက်ကြောင်း ဖန်တီးရှင်ဖြစ်သော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, တဏှာတို့ကို မမြင်ခဲ့ပါ။ ရုပ်နာမ်ကိုသာ မြင်ခဲ့ပြီး ထိုရုပ်နာမ်တို့၌ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ မရှိကြောင်းသာ သိမြင်ခဲ့ရသည်။ မောဟ, တဏှာ တို့သည် သတိဉာဏ်လွတ်လျှင် စိတ်ကိုပေါင်းသည်။ သတိဉာဏ်ရှိသောအခါ ပျောက်သွားသည်။ လောဘ, ဒေါသ, မောဟစေတသိက် စသည့် တဏှာတို့သည် စိတ်၌ဘယ်အချိန် ဝင်ခို၍ ပေါင်းသည်ကို မသိခဲ့။ ရုပ်နာမ်တို့အပေါ်မှာ ရှာကြည့်တော့လည်း မတွေ့။

[၄] ခုဒ္ဒကပါဌပါဠိ ၆–ရတနသုတ္တံ
[၅] သပြေကန်ဆရာတော်၊၁၉၄၃၊ *ပရိတ်ကြီးနိဿယသစ်*၊ရန်ကုန်၊ဟံသာဝတီပုံနှိပ်တိုက်။ စာ–၁၅၄။
[၆] ဟံသာဝတီမှ ပရိတ်ကြီးဆယ်စောင်တွဲ

ထို့ကြောင့် ရုပ်နာမ်တို့အပေါ်၌ ရှုရှုရှာနေသမျှ နိဗ္ဗာန်ချမ်းသာမတွေ့ခဲ့ပေ။ ထိုလောကီသင်္ခါရတို့ကို လျစ်လျူရှုလိုက်တော့မှ သင်္ခါရဒုက္ခမှ ချုပ်သွားသည်။ သို့သော်လည်း မူလက ခန္ဓာတည်ဆောက်သည့် ဖန်တီးရှင်တဏှာကိုတော့ မတွေ့ပါ။ လောကီသင်္ခါရတရားအားလုံးကို လျစ်လျူရှုလိုက်သဖြင့် အကြောင်းအကျိုး အစုံချုပ်သွားသည်။ တဏှာကလည်း ခန္ဓာပေါ်၌ သတိဉာဏ်ကင်းလျှင် ခိုးနေကျဖြစ်သဖြင့် တိုက်ဆိုင်သည့် နာမ်ရုပ်ပေါ်သည့်အခါ သူခိုးဝင်ခိုးဘိသကဲ့သို့ နာမ်ရုပ်ကို ဝင်ဆွဲသည်။

ထိုသို့ဆွဲရာတွင် အိမ်ရှင်နှင့်တူသော လောကီသင်္ခါရမှ လွတ်မြောက်၍ အိမ်ရှင်နှင့်တူသည့်စိတ် (မဂ်သမာဓိ)သည် နာမ်ရုပ်ကို တဏှာဝင်ဆွဲသည့်တိုင်အောင် စောင့်မကြည့်ပဲ ပယ်သတ်လိုက်သဖြင့် တဏှာပေါ်ပြီး ပြန်ချုပ်သွားသည်ကိုသာ တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် ဆက်လက်ကျင့်ရမည့် တဏှာကြွင်းကျန်နေခဲ့ခြင်း ဖြစ်သည်။

**မဂ်ကူးပုံနှင့် ကြွင်းကျန်ထပ်ဆင့်ရှင်းတမ်း**
**မြွေခုတ်ပိုင်းသည့် ဥပမာ**

လူတစ်ယောက်သည် အလွန်မကျန်းမမာ ဖြစ်နေသည်။ ဆေးကုစရာလည်း ငွေမရှိ။ ကြွေးပေးစရာရှိပြီး ပေးဆပ်စရာလည်း ငွေမရှိ။ ကြွေးရှင်တွေကလည်း ဝိုင်းတောင်းနေကြသည်။ စားစရာလည်းမရှိ။ သနားငဲ့ညှာကာ ကူညီမည့်သူလည်းမရှိ။ ဤသို့ ဆင်းရဲဒုက္ခရောက်နေသည်။ မိမိကိုယ်ကို သတ်သေချင်စိတ်လည်းပေါက်နေသည်။ ထိုသို့ရှိစဉ် စိတ်ကူးယဉ်မိသည်။ ယခုနေအခါ ဥစ္စာစောင့်များက ရွှေတွေပေးလျှင် အလွန်ကောင်းမှာပဲဟု မျှော်မှန်းလျက် အိပ်ပျော်သွားသည်။

ထိုသို့အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ ဥစ္စာစောင့်တစ်ယောက်ပေါ်လာပြီး ညီအကိုအရင်းဖြစ်၍ ကယ်ရန်ရောက်လာခြင်းဖြစ်သည်ဟုပြောသည်။ ထိုအခါ အိမ်ရှင်က တတ်နိုင်သည့်ဖက်က ကူညီပါရန်တောင်းပန်သည်။ ဥစ္စာစောင့်က ရွှေပေးမည် ဖြစ်ကြောင်းပြောသည်။ အိမ်ရှင်က ဝမ်းပန်းတသာဖြစ်ကာ ချက်ချင်းပေးပါဟု တောင်းသည်။ ဥစ္စာစောင့်က ချက်ချင်းပေး၍မရကြောင်း၊ ရွှေထုပ်ချပေးလို့လည်း မရကြောင်း၊ ပေးလို့ရသည့်နည်းမှာ နောက်နေ့ည သန်းခေါင်ယံ ရွာဦး ကုက္ကိုပင်အောက်သို့ မည်သူမျှမသိစေပဲ ဓားမ,ကိုင်၍ တစ်ယောက်တည်း လာခဲ့ပါ။ ရွှေကို မြွေယောင်ဖန်ဆင်းကာ လွှတ်လိုက်မည်။ ထိုမြွေကို ဓားဖြင့်ခုတ်လိုက်ပါ။ ကျန်သည့်အပိုင်းသည် သင့်အတွက် ရွှေချောင်း ဖြစ်လိမ့်မည် ဤကဲ့သို့ပြောပြီး ဥစ္စာစောင့်ပျောက်သွားသည်။ အိမ်ရှင်နိုးသွားပြီး စဉ်းစားသည်။ တကယ်ပဲ ဥစ္စာစောင့်က ရွှေပေးမှာလား။ ငါ့ကိုပဲသတ်မလို့ လိမ်ညာတာလား။ အကြိမ်ကြိမ်အခါခါ ဝေဖန်သည်။ ဤကဲ့သို့အားဖြင့် နောက်နေ့တစ်နေ့လုံး စဉ်းစားသည်။ အကယ်၍ ရွှေပေးပါလျက် သွားမယူလျှင်လည်း ငါဆုံးရှုံးမည်။ သည်လိုမဟုတ်ပဲ မြွေယောင်ဖန်ဆင်း၍ သတ်လျှင်လည်း ငါသေမည်။ ယူချင်သည့်စိတ်ပေါ်လိုက် ကြောက်သည့်စိတ်ပေါ်လိုက်ဖြစ်ပြီး မယူတော့ဘူးလို့ ဆုံးဖြတ်လိုက်နှင့် အပြန်ပြန် အလှန်လှန် ဖြစ်နေသည်။ ဤကဲ့သို့ ချီတုံချတုံ အကြိမ်ပေါင်းများစွာ စဉ်းစားပြီး ညဆယ်နာရီ အချိန်ရောက်တော့ နောက်ဆုံးစဉ်းစား ဆုံးဖြတ်ချက်ချလိုက်သည်။

ဒီအတိုင်းနေလည်း စိတ်ဆင်းရဲနေရမှာ၊ ဆေးကုစရာလည်း မရှိ၊ အာဟာရဖြည့်တင်းဖို့လည်း ငွေမရှိ။ သေရမည့်အတူတူ မထူးဘူး။ သေတစ်ကံ ရှင်တစ်ကံ၊ ရွှေရလျှင် ငါထူးဦးမည်ဆိုပြီး ဓားမ,ကိုင်ကာ သန်းခေါင်ယံအချိန် တစ်ဦးတည်း ရွာဦးက ကုက္ကိုပင်အောက် အရောက်သွားကာ မြွေအလာကို စောင့်နေသည်။ သို့သော်လည်း စိုးရိမ်စိတ်ကတော့ ဟုတ်မှဟုတ်ပါ့မလား၊ သတ်မလို့ ဖန်တီးတာလား၊ တကယ်ပေးမှာလား၊ တကယ်ရွှေမှ ဟုတ်ပါ့မလားဆိုသည့် စိတ်ကတော့ ရှိနေဆဲ ဖြစ်သည်။

ထိုအချိန်တွင် လရောင် မှုန်ဝါးဝါးအောက်၌ သစ်ရွက်များ တရှဲရှဲမြည်သံကြား၍ ကြည့်လိုက်ရာ ငန်းမြွေကြီး မိမိထံလာသည်ကို တွေ့နေရပြီး ဓားမကို စုံကိုင်ကာ ခုတ်ရန်မြှောက်ထားသည်။ မြွေကြီးက မိမိရှေ့သို့ ဖြတ်သွားနေစဉ် ကြောက်ဒူးများတုန်ကာ ခုတ်ဖို့ ချိန်ရင်းချိန်ရင်း မြွေက အမြီးပိုင်းမျှသာ ရှိတော့သည်။ ထိုအချိန်ကျမှ ခုတ်ရမည့် စိတ်ပေါ်လာကာ တအားကုန် ခုတ်ပိုင်းလိုက်သည်။ မြွေ၏ လေးပုံတစ်ပုံ ခုတ်ပိုင်းမိလိုက်သည်။ သေချာစွာ ကြည့်လိုက်ရာ ရွှေချောင်းအစစ်ဖြစ်နေပြီး ကျန်သော မြွေဦးခေါင်းပိုင်းမှာ ပျောက်ကွယ်သွားသည်။

သောတာပတ္တိမဂ် တခဏတွင် မဂ်ပယ်ရမည့် တဏှာအားလုံးကို မြင်ပါလျက် ပယ်ရမည့် မဂ်ဓားကလည်း ပြည့်စုံပါလျက် အမြင်မစင်ကြယ်သည့် ကြွေးကိန်းထားသဖြင့်လည်းကောင်း၊ စိုးရိမ်စိတ်

ကိန်းထားမှုကြောင့် လည်းကောင်း၊ တဏှာကို လေးပုံတစ်ပုံသာ ပယ်သတ်နိုင်ခြင်းဖြစ်သည်။ မဂ်လေးပါးလုံး မဂ်အင်္ဂါချင်း တူသည်။ ပယ်ရမည့်တဏှာ ပေါ်ပုံခြင်းတူသည်။ ပယ်သတ်မည့်မဂ်စိတ်တွင် အမြင် မစင်ကြယ်ခဲ့ခြင်းကြောင့် တကယ်ပယ်မည့် အချိန်ကျတော့ အမြင်မစင်ကြယ်ခဲ့သည့် ကြွေးကျန်က မဂ်စိတ်ကို အားနည်းစေသည်။

အိမ်ရှင်နှင့် မဂ်သမာဓိသဘော တူညီသည်။ မြွေယောင်ဆောင်ပြီး သတ်မလို့လားဟူသော အမြင်ကြောင့် မြွေကိုသတ်လိုသည့် ဆုံးဖြတ်ချက်ကို စွန့်လွှတ်သည့်သဘောသည် လောကီသင်္ခါရတို့ကို စွန့်လွှတ်သော သင်္ခါရုပေက္ခာဉာဏ်နှင့် တူ၏။ မြွေကိုခုတ်ပိုင်းဖို့ ဆန္ဒပေါ်ခြင်းနှင့် သစ်ပင်အောက်သို့ သွားခြင်းသည် အနုလောမဉာဏ်နှင့် တူ၏။ မြွေကိုစောင့်ဆိုင်းနေပုံသည် မဂ်သမာဓိတည်နေပုံနှင့် တူ၏။ မြွေလာခြင်းသည် မဂ်သမာဓိကို တဏှာက လာရောက်ကပ်ညိခြင်းနှင့် တူ၏။ မြွေကို ခုတ်ပိုင်းခြင်းသည် မဂ်ကိစ္စဆောင်ရွက်ပုံနှင့် တူ၏။ လေးပုံတစ်ပုံ ပိုင်းမိခြင်းသည် ဒိဋ္ဌိကိလေသာနှင့် ဝိစိကစ္ဆာကိလေသာ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းနှင့် တူ၏။ ရွှေချောင်းရရှိခြင်းသည် သောတာပတ္တိဖိုလ် ခံစားရခြင်းနှင့် တူ၏။